
ဆုလေးနွယ်
(ရန်ကုန်တက္ကသိုလ်)
ပါးကွက်ချို
နှင့် အခြားဝတ္ထုတိုများ

# ပါးကွက်ချို

တော်တော့်ကို အနည်းငယ် လေးလံစေသော ဆွဲခြင်းက အရှင့် လက်ထဲမှာ ကျ ဘာမှ မသိသာအောင် ပေါ့ပေါ့ပါးပါး ရှိလှသည် ။

အရှင် လမ်းလျှောက်ပုံကို ကလည်း သက်သောင့်သက်သာ ရှိတာပါ။ ခြေတစ်လှမ်း ချလိုက်တိုင်း ဂျဲတွေနှင့် ပြောင်လက်ထောင်မတ်နေသော ဆံပင်လေးတွေ ခါယမ်း လှုပ်ရှားသွားတတ်တာ တော်တော့်မျက်စိထဲမှ အရမ်းကြည့်လို့ ကောင်းရသည် ။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် တော်ရုံကောင်လေးတွေ လိုက်မမီသော ရုပ်ရည်ချောချောကို ပိုင်ဆိုင်ထားသည့်အရှင်က အင်္ကျီဖြူဆွတ်ဆွတ်နှင့် ယောပုဆိုး အပြာလေးကို သေသပ်စွာ ဝတ်ဆင်ထားတော့ အရမ်းပဲ ရှင်းသန့်နေ၏။

အပြုံးကလေးစွတ်ပြီး စကားတွေ တစ်ချိန်လုံး ပြောလာသည့် အရှင့်ကို မျက်ဝန်းထောင့်လေးနှင့် မကြာခဏ ခိုးမော့ကြည့်ကာ ပါလာရင်း တော်တော် ကြည်နူးနေရသည် ။

အရှင်က ဒီနေ့ သိပ်ကိုချစ်ဖို့ ကောင်းနေသည် လေ။

တော်တော် ဈေးသွားဖို့ ထွက်လာကတည်းက အရှင်နောက်က ပါလာမှန်းသိသည် ။ သို့ပေမဲ့ တော်တော် လှည့်မကြည့်။

တော်တော် ဈေးလျှောက်ဝယ်နေခိုက်မှာ အရှင်က ဈေးရှေ့က လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာလည်း တော်တော် သိပြီးသား။

တစ်ခါတစ်ရံတော့လည်း အရှင်က ဒီလိုဂရုတစိုက် အပြုအမူလေးတွေနှင့် ချိုသာနေတတ်သည် ။

ဈေးထဲက ထွက်လာတာ မြင်တာနှင့် တော်တော့်အနား ရောက်လာကာ လက်ထဲက ဆွဲခြင်းကို တော်တော် မပေးဘဲ ဖွတ်ယူ၏။

သူက တအားလှပကာ သန့်ပြန့် ဝင်းလက်နေတာမို့ ဆွဲခြင်းနှင့် ဘယ်လိုမှ မလိုက်ဖက်ဟု ထင်သည် ။ ဒါပေမဲ့ အရှင်က ပြောလို့ ရမည့်သူ မဟုတ်တာတော့လည်း တော်တော် သိနေပြန်သည် ။

ဈေးက တော်တော်တို့ နေသည့်နေရာနှင့် နှစ်လမ်းကျော်သာဝေးတာမို့ ခဏလေးနှင့် အိမ်ပြန်ရောက်နိုင်ပါသည် ။ ဒါကို အရှင်က ဘာလို့ လိုက်လာမှန်း မသိ။

အနားကို ရောက်ရောက်ချင်း "ဘာတွေ ဝယ်လာတာလဲ"ဟု စကားရှာမေးတော့ တော်တော်က "ဟာ ... ဘာပဲဝယ်ဝယ်ပေါ့" ပြန်ဟောက် ပစ်လိုက်တာမို့ အရှင်က ရယ်ကျဲကျဲလေး လုပ်နေ၏။

တစ်လမ်းလုံးလည်း တော်တော်က တော်တော့်ဘာသာ မြေပြင်ကိုပဲ ခေါင်းငုံ့ ကြည့်လျှောက်လာကာ။ အရှင်ကသာ တော်တော့် မျက်နှာကို မလွှဲတမ်း ကြည့်နေလျက် စကားတွေ လျှောက်ပြောနေတာ။

"ညနေကျ ကိုယ်လာခဲ့ဦးမယ်"

"ဘာလုပ်ဖို့ လဲ"

တော်တော် မကြည့်ဘဲ ပြန်မေးလိုက်သည် ။

"ဘတ်ဒေးကဒ်လေးတစ်ခု သဘောကျလို့ သူငယ်ချင်းဆီက ယူထားတယ်၊ အဲဒါ ပေးမလို့ "

"ဟင် မယူချင်ပါဘူး တော်တော့် မွေးနေ့ကလည်း အများကြီး လိုသေးတာ"

"ကြိုယူထားပေါ့ ... တော်တော့်ကို ပေးချင်လို့ တမင်တောင်းခဲ့တာ။ ကိုယ့်ဆီမှာ ထားရင် ဘာအဓိပ္ပာယ် ရှိမှာ လဲ"

တော်တော် ဘာမှ ဆက်ပြောမနေတော့။ ဒီလိုလေသံနဲ့ ဆို တော်တော် ငြင်းလည်း အတင်းလာပေးမှာ သေချာသည် ။

တစ်ခါတလေ ဘာမဟုတ်သည့် ကိစ္စလေးတွေမှာ အရှင်က ဇွတ်တရွတ် ဆန်ချင်၏။ ဟိုတစ်လောကလည်း သည် လိုပဲ။ တော်တော် သုံးလေ့မရှိသည့် မျက်ခွံဆိုးဆေးလို၊ နှုတ်ခမ်း ဆိုးဆေးလို ဘူးတွေ အများကြီး လက်ဆောင်ပေးသည် ။

တော်တော်ကတော့ ဘာလို့ မှန်းမသိ။ အဲလို အတင်းအကျပ်ပေးတာကို အရမ်းစိတ်ဆိုးသည် ။

ပြီးတော့ ကဗျာဆရာလေး တစ်ယောက်က တော်တော့်ကို သူ့ကဗျာစာအုပ်လေးမှာ အမှတ်တရ လက်မှတ် ထိုးပေးထားဖူးသည် ။

ထိုစာအုပ်ကို အရှင်တွေ့သွားတော့ တော်တော့်ကို ရန်လုပ်ကာ စာအုပ်ကို တော်တော့်ဆီက အတင်းယူသွား၏။

အရှင့်မှာ တော်တော်မကြိုက်သည့် အချက်တွေ အများကြီးရှိသည် ။ သို့ပေမဲ့ ထိုအချက်တွေကို အထပ်တစ်ရာမရအောင် ဖုံးလွှမ်းသွားနိုင်သည့် အချစ်တွေက တော်တော့် ရင်မှာ ပြည့်နေတတ်တော့ ခက်သည် လေ ။

အရှင့်ကို တော်တော် အရမ်းချစ်သည် ။ အရှင်သိထားတာထက် သူများ တွေ သိထားတာထက် အဆပေါင်း များ စွာကို ချစ်နေတာပါ။

"သွားမယ် ... ပေးတော့"

"ဟာ ... ဘာလဲ၊ အတူတူသွားမှာ ပေ့ါ"

လမ်းထိပ်က စာအုပ်အငှားဆိုင် ရှေ့မှာ မတ်တတ်ရပ်ရင်း တော်တော်တို့ ဆီ လှမ်းကြည့်ကာ ပြုံးစိစိ ဖြစ်နေကြသည့် လမ်းထဲက ကောင်လေးတွေကို မြင်တာမို့ တော်တော်က မျက်နှာ တည်နှင့်ပင် အရှင့်ဆီက ဆွဲခြင်းကို ရအောင်ယူလိုက်၏။

ပြီးတော့ အရှင့်ကိုထားခဲ့ကာ ခြေလှမ်းကျဲနှင့် အမြန်လျှောက်ခဲ့တာမို့ လမ်းအလယ်လောက်မှာ ရှိနေသည့် လေးထပ်တိုက် ရှေ့ရောက်တော့ လူက မောသွားရသည် ။

တော်တော်တို့ က တတိယထပ်မှာ မို့ အရှင် ဘယ်နားမှာ ကျန်ခဲ့လည်း ပြန်လှည့်မကြည့်တော့ဘဲ တစ်ရှိန်ထိုး ပြေးတက်ခဲ့သည် ။

မမကြီးက တံခါးဖွင့်ပေးရင်း ...

"သားရှင်လိုက်လာတယ်၊ တွေ့သေးလား"

ဟု မေး၏။ "ဟင့်အင်း"ဟု ညာလိုက်ရင်း တော်တော်ပြုံးနေမိသည် ။

မမကြီးရော၊ ကိုကြီးရော သူတို့ သာ လူပျိုကြီး အပျိုကြီး လုပ်နေတာ ။ တော်တော့်ကိုကျ သားရှင်နှင့် သဘောတူကြသည် ။ ဟိုဘက်အိမ်က သားရှင်တို့ မိသားစုကလည်း တော်တော်တို့ အကြောင်းတွေ သိနေပြီ။

သားရှင်အောက်က ညီလေးမိုးရှင်ကဆို တော်တော့်ကို တွေ့တိုင်း စနေတတ်တာ။

"မောတယ် မမကြီးရာ၊ သံသရာရှည် လုပ်ပေး"

ဆိုဖာ ဆက်တီပေါ် ခြေပစ်လက်ပစ် ထိုင်ချရင်း မမကြီးကို ချွဲလိုက်သည် ။

"လုပ်ပေးမယ်လေ၊ ခဏလေး၊ ဪ ... ဒီမှာ နင့်ဝတ္ထု ပါလာတယ်။ ခုနပဲ လာပေးသွားတာ"

မမကြီးက ပါးစပ်ကပြောရင်း တော်တော့်ဆီ စာအုပ်ပါ လှမ်းပေးသွား၏။ ပြီးတော့ ဆွဲခြင်းကို မကာ အတွင်းဘက်ကို ဝင်သွားသည် ။

မဂ္ဂဇင်း စာအုပ်ကို ကမန်းကတန်း လှန်လှော ကြည့်လိုက်ရင်း " တော်ဝင်ပန်း"ဆိုသော ပန်းချီလက်ရေး အနီရောင်ကလေးကို မြင်တော့ ကျေနပ် သွားမိသည် ။

တော်တော်ပို့ထားတာ ကြာပဲကြာလှပြီ။ မရွေးတော့ဘူးတောင် ထင်ထားတာ။ ပါလာတော့ ဝမ်းသာစရာလေးပေါ့။

တော်တော်က စိတ်ပါသည့်အခါ ကဗျာရေး စာရေးနှင့် ဟိုပို့သည် ပို့ လုပ်နေတာ။ ခုချိန်မှာ တော့ တော်ဝင်ပန်းဆိုသည့် အမည်လေးက ဟိုမှာ သည် မှာ မြင်တွေ့ရစပြုပြီလေ။

အရှင်ကတော့ တော်တော့်နာမည်ကို ဟားချင်ပုံလေ။ တစ်ခါတလေ မမကြီးက တော်တော့် ဝတ္ထုတိုလေးတွေ ပါလာသည့်အခါ အရှင့်ကို "ဖတ်ကြည့်စမ်းပါ"ဟု အတင်းပေးဖတ်တတ်ပေမဲ့ တော်တော်ကတော့ သူ့လိုတစ်ခါမှ အရေးလုပ်ပြီး မဖတ်ခိုင်းပါ။

အရှင်က ဝါသနာ ပါပုံမှ မရတာပဲ။ ပြီးတော့ တော်တော်သည် လိုရေးတတ်တာလေးကိုလည်း ခေါင်းထဲထည့် အလေးအနက် ထားပုံမရပါ

။

မမကြီးက ဖတ်ဆိုရင် ဖတ်လိုက်သည် ။ မမကြီးကိုတော့ မဆိုးဘူးဟု သာ ပြောပြီး တော်တော့်ကိုကျ "အများကြီး လိုသေးတယ်"ဟု ခပ်တည်တည် ဆရာလုပ်တတ်သည် ။

"စာဖတ်နည်းတယ် ထင်တယ်၊ မင်းဖတ်သင့်တဲ့ စာအုပ်တွေ ကိုယ်ရှာပေးရဦးမယ်"

သည် လိုပြောလျှင်တော့ တော်တော်က နှုတ်ဆိတ်ပြီး အရှင့်ကို ရင်ထဲမှာ အကြီးအကျယ် စိတ်ကောက်ပစ်မိသည် ။

"စာရေးတယ်ဆိုတာ စာဖတ်များ ဖို့ အဓိကပဲ"

ဟု ထပ်ဆင့်ဆိုလာလျှင်လည်း တော်တော်က ဘာမှ ပြန်မဆွေးနွေးပါ။

အရှင်ကိုယ်တိုင် လုံးဝစာဖတ် ဝါသနာမပါတာ တော်တော် သိထားတာပဲ။ တော်တော် ဖတ်သင့်တဲ့ စာအုပ်တွေ ရှာပေးမယ်ဆိုတာ ရယ်ချင်စရာလေးပါလေ။ ဒါပေမဲ့ အရှင့်ကို ကျိတ်မရယ် ရက်ခဲ့ပါဘူး။

တော်တော်က အရှင့်ကို လေးစားအားကိုးစွာ ချစ်ချင်တာ။ သို့ပေမဲ့ ရင်ထဲမှာ ချစ်တာသာရှိပြီး လေးစား အထင်ကြီးတာမျိုး မဟုတ်ခဲ့။

အရှင်ကလည်း တော်တော့်ကို နည်းနည်းလေးမှ အထင်ကြီးပုံ မရပါ
။

ချစ်ခြင်းမေတ္တာဆိုတာ အထင်ကြီးမှုအပေါ် ဖြစ်ဖျားခံတယ် ဆိုလျှင်တော့ တော်တော်တို့ ချစ်သူနှစ်ဦးက ထူးဆန်းနေလိမ့်မည်။

တော်တော်ရော၊ အရှင်ရော တစ်ဦးကိုတစ်ဦး

လုံးဝအထင်မကြီးနိုင်ကြဘူးလေ။

***